ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ် (Road Map) နှင့် ပတ်သက်၍ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ အမြင်သဘောထားတင်ပြချက်

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် ဒီမိုကရေစီအခွင့်အရေးများ တည်ဆောက်သွားရေးကို ဦးတည်ရည်မှန်း၍ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ ရှမ်းပြည် ဖက်ဒရယ်ပြည်ထောင်စုရှိလူမျိုးပေါင်းစုံနှင့် ဗမာပြည်မရှိလူမျိုးများတို့က ပင်လုံညီလာခံကြီးတွင် လက်မှတ်ရေးထိုးခဲ့ကြရာမှကမ္ဘာ့အလယ်တွင် နိုင်ငံတနိုင်ငံအဖြစ်ရပ်တည်လာခဲ့ခြင်းဖြစ်ပေသည်။ ယင်းပင်လုံစာချုပ်ကိုအခြေခံ ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ယင်းကာလက ဖဆပလ ခေါင်းဆောင်များ၊ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သော (၁၁၁)ဦးကော်မတီက ဖဆပလ ပဏာမညီလာခံတွင် ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသော်လည်း လက်တွေ့တွင် တိုင်းရင်းသားလူမျိုးများ၏ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်များကို နိုင်ငံရေး၊ စီးပွားရေးအရ အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်ပေးနိုင်လောက်အောင် အခြေခံအားဖြင့်သဘာဝကျ၍မျှတသောပြဌာန်းချက်များ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် မပါရှိသဖြင့် ပြည်တွင်းစစ်ကို မွေးဖွားပေးခဲ့ပြီး နှစ်ပေါင်း(၆၀) ကျော်ကြာ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်နိုင်ဘဲ တိုင်းရင်းသားအချင်းချင်းအကြား တိုက်ခိုက်လာကြသည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။

နဝတ၊ နအဖ မှ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၁၄ နှစ်ကြာရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ပြုလုပ်သည့် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲတွင်အနိုင်ရသည့် သမ္မတဦးသိန်းစိန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းနှစ်ပေါင်း (၆၀)ကျော်ကြာဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကိုအဆုံးသတ်နိုင်ရေးအလို့ငှါ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ကာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် ပဏာမတွေ့ဆုံဆွေးနွေးရေးကို ပြည်နယ်အဆင့်မှစတင်ပြုလုပ်ရန် ကမ်းလှမ်းမှုများ ပြုလုပ်လာခဲ့သည်။ ဤကမ်းလှမ်းမှုများတွင် ရန်လိုတိုက်ခိုက်မှုများရပ်ဆိုင်းရန်၊ ဆက်သွယ်ရေးရုံးများဖွင့်လှစ်ရန်၊ လွတ်လပ်စွာတပြည်လုံးသွားလာခွင့်ပြုရန်နှင့် ပြည်ထောင်စုအဆင့်နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန်တို့ ပါဝင်သည်။ ယင်းသို့သော နိုင်ငံရေးဆွေးနွေးရေးအခြေခံဖြင့် ဖိတ်ခေါ်ခဲ့မှုကြောင့် ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၁၃)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

**သမ္မတဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးမူ**

၂၀၁၂ ခုနှစ် မေလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရမှ အမိန့်အမှတ် ၃/၂၀၁၂ နှင့် အမိန့်အမှတ် ၄/၂၀၁၂ကို ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် တိုင်းရင်းသားလက်နက်ကိုင်များ အနေဖြင့် ပါတီထောင်၍ရွေးကောက်ပွဲဝင်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအားလက်ခံရန်နှင့် ပြင်ဆင်လိုသည့်ကိစ္စ များရှိပါက လွှတ်တော်အတွင်း၌ အများဆန္ဒနှင့်အညီဆောင်ရွက်ရန်၊ ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင် အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တန်းတူညီတူနေထိုင်သွားလာ လုပ်ကိုင်စား သောက်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တခုတည်းသောလက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင်ကူး ပြောင်းရေးကို ညှိနှိုင်းဆောင်ရွက်ရန်တို့ ပါဝင်လာသည်။ သမ္မတသိန်းစိန်၏ ငြိမ်းချမ်းရေးမူ အထူးသဖြင့် ပြည် ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဆောင်ရွက်ရန်ဟူသည့် အချက်များကို လေ့လာ ကြည့်ပါက အစိုးရဖက်မှ ပြင်ဆင်ထားသော ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်း၌သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားပေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်လိုပါက အစိုးရမှချမှတ်ထားသော ငြိမ်းချမ်း ရေးမူဖြစ်သည့် "လွှတ်တော်အတွင်း အများဆန္ဒသဘောထားနှင့်အညီ" သာပြင်ဆင်ခွင့် ရှိမည်ဖြစ်သည်။ ဤငြိမ်းချမ်းရေးမူကို အနှစ်ချုပ်ကြည့်ပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လက်နက် အပ်နှံ၍ နိုင်ငံရေးပါတီအသွင်ပြောင်းပြီးမှသာ ရွေးကောက်ပွဲဝင်ရောက်နိုင်မည်ဖြစ်သဖြင့် "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား လက်နက်ချခိုင်းခြင်း" သာ ဖြစ်ပေသည်။ ယနေ့အထိ ဥပဒေကဲ့သို့ အာဏာ တည်သော ဤအမိန့်ထုတ်ပြန်ချက်အား တရားဝင်ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများမရှိသေးသဖြင့် အစိုးရ၏ တခုတည်းသော လမ်းပြမြေပုံ (သို့) ငြိမ်းချမ်းရေးမူ ဖြစ်နေပေသည်။

ပြည်သူ့လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို အဖွဲ့ဝင်(၁၀၉)ဦး ဖြင့် ဖွဲ့စည်းထားပြီး ယင်းကော်မတီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်အမတ် (၅၂) ဦး၊ စစ်တပ်အမတ် (၂၅)ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်အမတ် (၇)ဦးနှင့် တိုင်းရင်းသား လွှတ်တော်အမတ်(၂၅) ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ယခုနှစ်ကုန်မတိုင်မီ အပြီး ပြင်ဆင်သင့်သည်များကို ရေးသားပြုစုရန် လုပ်ငန်းများဆောင်ရွက်နေပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီတွင် တိုင်းရင်းသားအမတ်များ၏ ဦးရေသည် လေးပုံတပုံပင် မပြည့် သည့်အပြင် NLD အမတ်များ ပေါင်းထည့်ထားလျှင်ပင် ကော်မတီဝင်ဦးရေ၏ သုံးပုံတပုံမျှပင် မရှိပေ။ ပြည်ခိုင်ဖြိုးပါတီနှင့် လွှတ်တော်အမတ် အများစု ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီက အရေးကြီးသောပြင်ဆင်မှုမျိုး ပြုလုပ်မည် မဟုတ်သည်မှာ သေချာနေပေသည်။ တဖက်တွင် အရေးကြီးသောဥပဒေ ပြင်ဆင်ရေးတွင် စစ်တပ်အမတ်တဦး၏ထောက်ခံမှုမပါဘဲ ပြုပြင်ပြောင်းလဲ၍မရအောင်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်သောကြောင့် ကော်မတီမှပြင်ဆင်ရန် တင်ပြလာသည့်အချက်များသည်ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြင်ဆင်ရန် မလွယ်ကူပေ။

**အစိုးရ၏ငြိမ်းချမ်းရေးမူအပေါ် သုံးသပ်ချက်**

အစိုးရ၏ငြိမ်းချမ်းရေးမူသည် တွေ့ဆုံဆွေးနွေးရေးမှရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်းမျိုးမဟုတ်ဘဲ တွေ့ဆုံဆွေးနွေးရေးမှ လက်နက်ချအညံ့ခံစေခြင်းသဘောဆောင်ပေသည်။ ထိုသို့ပြောဆိုနိုင်သောအချက်အလက်များအနက် အဓိကအချက်များကို ထောက်ပြရမည်ဆိုလျှင်

**(က)** တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအရအာမခံချက်မရှိသေးခင် လက်နက်ဖျက်သိမ်းပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း ပါတီဖွဲ့စည်းကာ ရွေးကောက်ပွဲဝင်မည့်အခင်းအကျင်းဖြစ်ခြင်း။

**(ခ)** တချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိအမျိုးသားနိုင်ငံရေးအတွက်သာ ရပ်တည်လိုကြပြီး ပါတီနိုင်ငံရေးအသွင်သို့ ပြောင်းလဲရန် မူဝါဒမရှိကြခြင်းကြောင့် နိုင်ငံရေးအရ အာမခံချက်မရှိသေးခင် ၎င်းတို့ပါတီ ဖျက်သိမ်းရေးမှာ မဖြစ်နိုင်သောအခင်းအကျင်းဖြစ်နေခြင်း။

**(ဂ)** တိုင်းရင်းသားလူမျိုးများအစဉ်တစိုက်ပြောဆိုနေသော တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီအနှစ်သာရများကင်းမဲ့နေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရန်တွန်းအားပေးခြင်း။

**(ဃ)** ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ နှင့် စစ်တပ်အမတ်များ ကြီးစိုးသော လွှတ်တော်အတွင်းမှ ၎င်းတို့၏ထောက်ခံမှုမပါဘဲ တိုင်းရင်းသားလူမျိုးများ လိုလားသောဖက်ဒရယ်ပြည်ထောင်စုပုံစံဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် မဖြစ်နိုင်သလောက်ဖြစ်ခြင်း။

**(င)** တိုင်းရင်းသားများအနေဖြင့် တခုတည်းသောဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေးကို အစဉ်တစိုက်ပြောဆိုနေချိန်တွင် အစိုးရအနေဖြင့် ယခုလက်ရှိ တပ်မတော်ဖွဲ့စည်းမှုပုံစံအတိုင်း တခုတည်းသောတပ်မတော် တည်ရှိရေးကိုသာ ပြောဆိုနေခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အနေဖြင့် မြန်မာအစိုးရ၏ငြိမ်းချမ်းရေးမူသည် တန်းတူပြီးလွတ်လပ်သောတွေ့ဆုံဆွေးနွေးရေးအစီအစဉ် မဟုတ်သဖြင့် လက်မခံနိုင်ကြောင်း အတိအလင်း ကြေညာချက်ထုတ်ပြန်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအလို့ငှါ တိုင်းရင်းသားလူမျိုးစုများ၏ လမ်းပြမြေပုံတရပ်ကို လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးပါတီများ၊ လူထုအဓိက အခြေပြုအဖွဲ့အစည်းများပါဝင်လျက် ရေးဆွဲခဲ့ကြသည်။ ယင်းလမ်းပြမြေပုံတွင် အစိုးရနှင့်ပါ တိုင်ပင်ညှိနှိုင်း၍ အားလုံးလက်ခံနိုင်သောနိုင်ငံရေးပြဿနာဖြေရှင်းရေးလုပ်ငန်းစဉ်အဖြစ် ပြုလုပ်သွားရေးကိုပါ ထည့်သွင်းဖော်ပြခဲ့သည်။

**တိုင်းရင်းသားလူမျိုးစုများ၏ငြိမ်းချမ်းရေးမူ**

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၄-၁၆) ရက်နေ့များတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူထုအဓိကအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တတ်သိပညာရှင်များ

ပါဝင်လျက် တိုင်းရင်းသားလူမျိုးများညီလာခံတရပ်ကို ထိုင်း-မြန်မာနယ်စပ်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ ညီလာခံမှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး အတွက် "တိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်(၆)ချက်" ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြသည်။ ၎င်းနိုင်ငံရေးလုပ်ငန်းစဉ် (၆)ချက်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉-၃၁)ရက်နေ့များတွင် ထိုင်း-မြန်မာနယ်စပ်တွင် ကျင်းပပြုလုပ်ခဲ့သော တိုင်းရင်းသားလူမျိုးများကွန်ဖရင့်ကြီးမှ ထပ်လောင်းအတည်ပြု ခဲ့ကြသည်။ ယင်းလုပ်ငန်းစဉ်၏အနှစ်သာရမှာ "နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်" တရပ်အား တိုင်းရင်းသား လူမျိုးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေး၍ ဘုံသဘောတူညီ ချက် ရယူသွားရန် ဖြစ်သည်။ ယင်းသဘောတူညီချက်အတိုင်း နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်၍ နောက်ဆုံးတွင် -

(၁) တိုင်းရင်းသားအင်အားစုများ၏ကိုယ်စားလှယ်များ၊

(၂) ဒီမိုကရေစီနည်းအရ လှုပ်ရှားနေကြသော နိုင်ငံရေးအင်အားစုများ၏ကိုယ်စားလှယ်များ၊

(၃) အစိုးရကိုယ်စားလှယ်များ

အချိုးညီပါဝင်ပြီး အင်အားစု သုံးစုစလုံး လက်ခံနိုင်သောပုံစံဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စု ညီလာခံကြီးတရပ် ကျင်းပသွားရန်နှင့် ထိုညီလာခံကြီးမှ ချမှတ်ထားသောသဘောတူညီချက်များကို "တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" အဖြစ် သဘောတူလက်မှတ်ရေးထိုးကြရန် ဖြစ်သည်။ ထိုတိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်အတိုင်း အချိန်အတိအကျ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုပါက အနှစ်(၆၀)ကျော်ကြာ ဖြစ်ပွားခဲ့သောပဋိပက္ခ သည် ပြီးဆုံးခြင်းသို့ ရောက်ရှိသွားမည်ဟု တိုင်းရင်းသားလူမျိုးများက ယုံကြည်ယူဆနေကြပေသည်။

**တိုင်းရင်းသားလူမျိုးစုများ၏ငြိမ်းချမ်းရေးမူအပေါ် သုံးသပ်ချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်း သားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အစိုးရဖက် နှစ်ဖက်စလုံးမှ သဘောတူလက်ခံနိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မချမှတ်နိုင်ပါက နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုသည် ရှေ့သို့တက်လှမ်းနိုင်မည် မဟုတ်ဘဲ ရပ်တန့်သွားနိုင်ပါသည်။ ထို့ကြောင့် နှစ်ဖက်လက်ခံနိုင်သောလုပ်ငန်းစဉ် စတင်ချမှတ်ရေးသည် ပထမဦးစွာ ကြိုးပမ်းလုပ်ဆောင်သင့်သည့်ကိစ္စတရပ် ဖြစ်သည်ဟု UNFC အနေဖြင့် ရှုမြင်သည့်အလျောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီထံသို့ တိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းရေးမူကို သုံးကြိမ်သုံးခါတိုင်တိုင် တင်ပြထားပြီးဖြစ်သည်။ ယခုတင်ပြထားသော ငြိမ်းချမ်းရေးမူသည် တန်းတူရည်တူရှိပြီး တရားမျှတသည့်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်ရေးနှင့် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးကို ဦးတည် ထားသဖြင့် အားကောင်းသောငြိမ်းချမ်းရေးမူဟု ပြောဆိုနိုင်ပေသည်။ ဤငြိမ်းချမ်းရေးမူတွင် ပါရှိသည့် တိုင်းရင်း သားလူမျိုးများဆိုင်ရာသဘောတူညီချက်သည် ဤဖြစ်စဉ်တွင်ပါဝင်ကြသူအားလုံးက လိုက်နာအကောင်အထည် ဖော်ရမည့် တရားဝင်လုပ်ဆောင်ရမည့်အချက် (Legal Instrument) ဖြစ်သွားမည် ဖြစ်သဖြင့် လျှင်မြန် လွယ်ကူစွာ ဖွဲ့စည်းပုံ ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်သွားမည့်အပြင် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှ ပါဝင်

သင့်ပါဝင်ထိုက်သူများအားလုံး ပင်လုံစိတ်ဓါတ်ကို အခြေခံသည့် ပြည်ထောင်စုညီလာခံကြီးတွင် ပါဝင်လာကြမည်ဖြစ်သဖြင့် အားလုံးပါဝင်သော လုပ်ငန်းစဉ်ကြီးတရပ် ဖြစ်သွားမည်ဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေသည် နိုင်ငံရေးအရတည်ငြိမ်မှုရရှိရန် အထူးလိုအပ်သောကာလဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရေးအတွက် အချိန်အခါကောင်းတရပ်ဖြစ်သည်။ သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ပြုလုပ်နေသည့်အလျှောက် နစ်ဖက်လက်ခံနိုင်သောငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်တရပ် ချမှတ်နိုင်မည်ဆိုပါက တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများ လိုလားတောင်းဆိုနေကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည်လည်း လွယ်ကူမြန်ဆန်မည်ဖြစ်ကာ ယခုအစိုးရသက်တမ်းကာလအတွင်း ထင်ရှားသည့် ငြိမ်းချမ်းရေး တည်ဆောက်ရေး မှတ်တိုင်တခုကို စိုက်ထူနိုင်မည်ဟု ရိုးသားပွင့်လင်းစွာ ယုံကြည်ယူဆပါကြောင်း တင်ပြလိုက်ရပေသည်။